Burmese Muslim Association
No 15, Orange Grove, London, E11 4LL, UK. Phone/Fax: 0208 5562340
www.b-m-a.org

# မောင်းတော အစုအပြုံလိုက် လူသတ်မှုနဲ့ပတ်သတ်၍ မြန်မာမွတ်စလင်အစည်းအရုံး၏ သဘောထားထုတ်ပြန်ချက်

၂၀၁၄ ခုနှစ် ဇန္နဝါရီလ ဒုတိယပတ် အတွင်း ရခိုင်ပြည်နယ်မြောက်ပိုင်း ဒုချီရာတန်းကျေးရွာတွင် ရိုဟင်ဂျာများအပေါ် အကြမ်းဖက်လူသတ်မှုကြီး ထပ်မံဖြစ်ပွားခဲ့သည့်အတွက် မြန်မာမွတ်စလင်အစည်းအရုံးမှ လွန်စွာပင် စိုးရိမ်မကင်းဖြစ်ရပါသည်။ ဒေသခံများမှတဆင့်ရရှိသော သတင်းများအရ ရိုဟင်ဂျာပြည်သူများ၏ အသက်အန္တရာယ်မှာ အင်မတန်မှစိုးရိမ်ဖွယ်ရာများဖြင့် ကြုံတွေ့နေသည်ဟု သုံးသပ်ရပါသည်။

ယင်းအကြမ်းဖက်မှုကြီးမှာ ၂၀၁၂ ခုနှစ်အတွင်း ရိုဟင်ဂျာများအား လူမျိုးတုန်းသန့်စင်ရေးအခြေအနေသို့ တွန်းပို့ပေးခဲ့သည့် ဖြစ်ရပ်ကဲ့သို့ပင် ရဲအရာရှိတစ်ဦးအား ရိုဟင်ဂျာများ သတ်ဖြတ်ရာမှ စတင်ခဲ့သည်ဟု မြန်မာအစိုးရမှ တုန့်ပြန်စွပ်စွဲကာ ဖြစ်ရပ်မှန်အား ဖုံးကွယ်ရန် ကြိုးပမ်းနေသည်ကိုလည်း သတိပြုမိပါသည်။

ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးမှ ဒုချီရာတန်း အကြမ်းဖက်မှုတွင် အမျိုးသမီးများနှင့် ကလေးသူငယ်များအပါအဝင် ရိုဟင်ဂျာ ၄၀ ကျော် အသတ်ခံရသည်ဟု ထုတ်ဖော်ပြောဆိုနေသော်လည်း မြန်မာအစိုးရမှာ ဖုံးကွယ်နေဆဲဖြစ်သည်။

ဒီဇင်ဘာလ ၂၀၁၃ ခုနှစ်တွင် မောင်တောမြို့နယ်အတွင်း ၉၆၉ ဘာသာရေးအစွန်းရောက် ဘုန်းကြီးများ၏ သွေးထိုးလှုပ်ဆော်မှု လုပ်ငန်းစဉ်အား အစိုးရအာဏာပိုင်များမှ တရားဝင်ခွင့်ပြုခဲ့ပါသည်။ လူမျိုးရေး-ဘာသာရေး တင်းမာနေသည့် နေရာဒေသအတွင်း ယင်းကဲ့သို့သော လူမျိုးရေးအစွန်းရောက်သည့် သွေးထိုးလှုပ်ဆော်မှုများ ပြုလုပ်ခွင့်ပြုခဲ့ခြင်းကို ပြန်လည်သုံးသပ်ကြည့်လျှင် အစိုးရအာဏာပိုင်များ၏ လုပ်ရပ်မှာ သံသယရှိဖွယ်ရာဖြစ်ပါသည်။

ဒုချီရာတန်း ကျေးရွာတွင် ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုအား စုံစမ်းစစ်ဆေးပေးရန် အမေရိကန်နှင့် အင်္ဂလန်အစိုးရတို့၏ ပူးတွဲထုတ်ပြန်ကြေညာချက်အား မြန်မာမွတ်စလင်အစည်းအရုံးမှ ကြိုဆိုပါသည်။ သို့သော်လည်း ရိုဟင်ဂျာများအား တဖက်သတ် ဖိနှိပ်နေသည့် မြန်မာအစိုးရ၏ စုံစမ်းစစ်ဆေးရေး ရလဒ်မှာလည်း အဖြေရှိရာသို့ ဦးတည်နေမည်မဟုတ်ပေ။

မြန်မာနိုင်ငံတော်အစိုးရမှ ပြည်တွင်းတရားဥပဒေစိုးမိုးမှုရှိစေရန်နှင့် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်များအား အကာအကွယ်ပေးရန် အကြိမ်ကြိမ်ပျက်ကွက်ခဲ့ကြောင်း ဒုချီရာတန်း ဖြစ်ရပ်အား သက်သေအဖြစ်မြင်တွေ့ရပါသည်။ ထို့ကြောင့် ယင်းသို့စုံစမ်းစစ်ဆေးမှုများပြုလုပ်ရာတွင် ယုံကြည့်စိတ်ချရသည့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ တိုက်ရိုက်ကိုင်တွယ်ဆောင်ရွက်သင့်သည်ဟု ယုံကြည်ပါသည်။

၂၀၁၂ တွင် ရိုဟင်ဂျာများအား လူမျိုးတုန်းသုတ်သင်ရှင်းလင်းမှုကြီးစတင်ပြုလုပ်ခဲ့ချိန်မှ၍ ၎င်းတို့၏ အခြေနေမှာ ပိုမိုဆိုးရွားလာပါသည်။ ရိုဟင်ဂျာပြည်သူများအပေါ် ပိတ်ပင်တားမြစ်မှုများ၊ ညင်းပန်းနှိပ်စက်မှုများနှင့် ဖိနှိပ်ချုပ်ချယ်ခြင်းများလည်း ပိုမိုကျယ်ပြန့်စွာလုပ်ဆောင်လာပါသည်။

ဤကဲ့သို့သောအကြမ်းဖက်မှုများအား မြန်မာအစိုးရမှ ထိရောက်စွာကိုင်တွယ်ဖြေရှင်းခြင်း မပြုနိုင်ခဲ့သောကြောင့် ဘာသာရေးအသွင်ဆောင်အကြမ်းမှုကြီးမှာ မြန်မာနိုင်ငံအနှံ့သို့လည်းကောင်း၊ အိမ်နီးချင်းနိုင်ငံများသို့လည်းကောင်း၊ အရှေ့တောင်အာရှနိုင်ငံများသို့လည်းကောင်း ပျံ့နှံ့ကူးစက်သွားခဲ့သည်ကိုလည်း တွေ့မြင်ခဲ့ရပြီးဖြစ်ပါသည်။

ထို့ကြောင့် ကမ္ဘာ့ကုလသမဂ္ဂနှင့် အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းကြီးနေဖြင့် ရိုဟင်ဂျာများအပါအဝင် မြန်မာနိုင်ငံအတွင်းနေထိုင်ကြသည့် လူနည်းစု အစ္စလာမ်ဘာသာဝင်များ၏ အသက်အန္တရာယ်အား အကာအကွယ်ပြုပေးရန်၊ နှင့် အခြားသော လူမျိုးစုများနည်းတူ လူ့အခွင့်အရေးအာမခံချက်ရရှိစေရန် လက်တွေ့ကျကျ ကိုင်တွယ်ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။

မြန်မာမွတ်စလင် အစည်းအရုံး ဇန္နဝါရီ ၂၈၊ ၂၀၁၄

Media Contact; -

ကိုကျော်စွာ +44 782 842 6801(UK) kyawzwa@b-m-a.org; ကိုမျိုးဝင်း 0950 70304 (မြန်မာ) starmywin@gmail.com; ကိုကျော်ဝင်း +44-740-345-2378(UK) kyawwin78@gmail.com; ဒေါ်မော်လီ +1 416 516 7383 Canada law4women@gmail.com; Ma Yasmin +1 408 250 6227(USA) yasnohana@sbcglobal.net;